# မြန်မာ့အမျိုးသမီးသမဂ္ဂ

## “အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် အမျိုးသမီး ၆၄ ဦး သေဆုံး။”




၂၀၂၅ ခုနှစ်၊ ဇူလိုင် (၁၁) ရက်နေ့တွင် စစ်ကိုင်း ဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ လင်းတလူး ကျေးရွာရှိ စစ်ဘေးရှောင် ဘုန်းကြီးကျောင်းအား စစ်တပ်မှ လေယာဉ်ဖြင့် ဗုံးကျဲမှု စစ်ဘေးရှောင် ပြည်သူ အများအပြား ထိခိုက်သေဆုံးခြင်း ဖြစ်စဉ်။




၂၀၂၅ ခုနှစ်၊ ဇူလိုင် (၁၃) ရက်၊ ည (၁၀) နာရီခွဲဝန်းကျင်တွင် မိုးကုတ်မြို့ အရှေ့ပိုင်း ပန်းမထိပ်အနီးတွင် စစ်တပ်၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ကလေးငယ် (၂) ဦး အပါအဝင် ပြည်သူ (၈) ဦး ထိခိုက် ဒဏ်ရာရခြင်း ဖြစ်စဉ်။

| သေဆုံးသူ- (၆၄) ဦး | ထိခိုက်ဒဏ်ရာရရှိသူ - (၈၀) ဦး |
|---|---|


အကြမ်းဖက် စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းမှုသည် (၄) နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။ အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း နေ့စဉ်နှင့်အမျှ အသက်ဆုံးရှုံးနေရသည်။ ၂၀၂၅ ခုနှစ် ဇူလိုင် (၁) ရက်နေ့မှ (၃၁) ရက်နေ့အတွင်း အမျိုးသမီး (၆၄) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခုဖော်ပြပါ အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့်မှတ်တမ်းမှုများအပြင် မြေပြင်မှ အချက်အလက် ကောက်ယူထားမှုများကို ပြန်လည် စုစည်းတင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့မြေပြင်အခြေအနေတွင် မိမိတို့အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်အခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။

# အမျိုးသမီးသေဆုံးသူ အရေအတွက်နှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်

| အကြောင်းအရာ | သေဆုံးသူ အရေအတွက် | ထိခိုက်ဒဏ်ရာရသူ အရေအတွက် |
|---|---|---|
| လေကြောင်းတိုက်ခိုက်ခံရမှု | ၅၂ | ၆၇ |
| လက်နက်ကြီး ပစ်ခတ်ခံရမှု | ၁၁ | ၉ |
| ဆေးဝါးကုသခံယူမှု မရရှိမှု | ၁ | ၀ |
| မြေမြှုပ်မိုင်း | ၀ | ၂ |
| ပဋိပက္ခနှင့်ဆက်နွယ်သောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု | ၀ | ၅ |

မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားမှုများအရ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း နိုင်ငံတစ်ဝှမ်း အမျိုးသမီး (၆၄)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထို့ကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၅၂)ဦး၊ ပြည်သူများ၏ ရွာနှင့်နေအိမ်များအား ပစ်မှတ်ထားလက်နက်ကြီးပစ်ခတ်မှုကြောင့် (၁၁) ဦး၊ ဆေးဝါး ကုသ ခံယူမှု မရရှိခြင်းတို့ကြောင့် (၁) ဦးတို့ ဖြစ်ကြသည်။ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီး (၆၄) ဦးထဲမှ (၁၄) ဦးသည် အသက် (၁၈) နှစ်အောက်များ ဖြစ်ကြသည်။ ထို့အပြင် အမျိုးသမီးပေါင်း (၈၀)ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် (၆၇)ဦး၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၉)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၂) ဦးနှင့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုကြောင့် (၅) ဦးတို့ ဖြစ်ကြသည်။

# တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် စစ်ကိုင်းတိုင်း ဒေသကြီးမှ (၂၈) ဦး၊ မန္တလေးတိုင်း ဒေသကြီးနှင့် ကရင်နီပြည်နယ်မှ (၉) ဦး စီဖြစ်ကြပြီး စစ်ကိုင်းတိုင်း ဒေသကြီးသည် ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး တိုင်းဒေသကြီး ဖြစ်သည်။

---

https://www.facebook.com/burmesewomensunion
https://burmesewomensunion.org